ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၁၇(ဃ) }

ခုံသမာဓိအဖွဲ့

ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်မြို့

အငြင်းပွားမှုအမှတ်(၂၉/၂၀၂၃)

ဒေါ်ဇင်ဇင်ဝင်းပါ(၃၃)ဦး(အလုပ်သမား)
ဖေဒုကန်၊ အင်းစိန်မြို့နယ်။
၀၉-၆၇၃၀၉၉၃၅၀ } တောင်းဆိုသူ

နှင့်

ဦးချစ်ကို(အလုပ်ရှင်)
Peach Garden Garment Co.,Ltd
(အထည်ချုပ်စက်ရုံ)
အမှတ်(၇၂၉/၇၃၀)၊ ရွှေဗဟိုပတ်လမ်း၊(၁/၃၆)ရပ်ကွက်
ရွှေပြည်သာမြို့နယ်။
၀၉-၄၂၉၄၄၉၉၄၄၊ ၀၉-၉၅၁၄၇၄၇၂၀ } တောင်းဆိုခြင်းခံရသူ

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်

ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ် (၇၂၉/၇၃၀)၊ ရွှေဗဟိုပတ်လမ်း၊ (၁/၃၆)ရပ်ကွက်ရှိ Peach Garden Garmant Co.,Ltd (အထည်ချုပ်စက်ရုံ) အလုပ်ရှင် ဦးချစ်ကို နှင့် အလုပ်သမား ဒေါ်ဇင်ဇင်ဝင်းပါ(၃၃)ဦးတို့အကြား ဖြစ်ပွားသောအငြင်းပွားမှုကို ရွှေပြည်သာမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ လွှဲအပ်ခဲ့သဖြင့် ကြားနာစစ်ဆေး ဆုံးဖြတ်လိုက်သည်။

၂။ ဤခုံသမာဓိအဖွဲ့မှ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာ နှင့် စစ်ဆေးခံချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များ ရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်။

အမှုဖြစ်စဉ်အကျဉ်းချုပ်

၃။ Peach Garden Garment Co.,Ltd (အထည်ချုပ်စက်ရုံ)မှ အလုပ်သမား ဒေါ်ဇင်ဇင်ဝင်းပါ (၃၃)ဦးသည် တောင်းဆိုချက်(၁၁)ချက်အား (အလုပ်ရှင်) ဦးချစ်ကိုထံ တောင်းဆိုခဲ့ရာ မရရှိ၍ (၄-၁၂-၂၀၂၃)ရက်နေ့တွင် ရွှေပြည်သာမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားခဲ့သော်လည်း ပြေလည်မှုမရရှိ၍ ရုံးကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းပေးပို့လာသော အငြင်းပွားမှုဖြစ်ပါသည်။

ကောက်ချက်။ (က) စက်ရုံမှူး ဒေါ်ဇာဇာဝင်းအား အလုပ်မှထုတ်ပယ်ရန် သင့်/မသင့်။

(ခ) လိုင်း(၄)တွင် စာရေးမနှင့် Leader ခန့်ထားပေးရန် သင့်/ မသင့်။

စစ်ဆေးတွေ့ရှိချက်

၄။ Peach Garden Garment Co.,Ltd (အထည်ချုပ်စက်ရုံ)၏ အလုပ်ရှင်သည် စက်ရုံတွင် လုပ်ငန်းညှိနှိုင်းရေးကော်မတီ(WCC) ဖွဲ့စည်းထားသော်လည်း အလုပ်သမား ဒေါ်ဇင်ဇင်ဝင်းပါ (၃၃)ဦးတင်ပြတောင်းဆိုသည့် အချက်များကို ပြေလည်အောင် ညှိနှိုင်းခြင်းမပြုလုပ်ခဲ့ကြောင်း တွေ့ရှိရပါသည်။ ယခုတောင်းဆိုချက်များသည် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး ဥပဒေအရ အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီတွင် ညှိနှိုင်းဆွေးနွေးပါက ပြေလည်နိုင်သည့် ကိစ္စရပ်များဖြစ်ကြောင်း တွေ့ရသည်။

၅။ ရွှေပြည်သာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ တင်ပြချက်များတွင် အလုပ်သမားများ၏ တောင်းဆိုချက် (၁၁)ချက်မှ မည်သည့်အချက်များ ပြေလည်မှုရရှိသည်၊ မည်သည့်အချက်များ

ပြေလည်မှုမရှိသည်ကို ရှင်းလင်းစွာ တင်ပြထားခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိရသည်၊ ဒေါ်ဇင်ဇင်ဝင်း ပါ (၃၃)ဦး၏ မူလတောင်းဆိုချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) လိုင်းပြောင်းရာတွင် လိုင်း(၄)စူပါ ဒေါ်ဇင်ဇင်ဝင်းနှင့် အလုပ်သမားများအားလုံး အတူတကွ လုပ်ကိုင်ရန်၊

(၂) Input လုံလောက်စွာ ချထားပေးရန်၊

(၃) Reject Label လဲလှယ်ပေးရာတွင် အဆင်ပြေစေရန်၊

(၄) လိုင်း(၄)အား စာရေးမထားရှိပေးရန်၊

(၅) စက်ရုံမှူး ဒေါ်ဇာဇာဝင်းကို ထုတ်ပေးရန်၊

(၆) EC စာချုပ် ချုပ်ပေးရန်၊

(၇) စူပါနှင့် လိုင်းသားများအား မူလနေရာနှင့် မူလရာထူးများရရှိရန်၊

(၈) ဝန်ထမ်းများအား အတင်းအဓမ္မလက်မှတ်ရေးထိုးခိုင်းခြင်းများမပြုရန်၊

(၉) လိုင်း(၄)ဝန်ထမ်းများအား တံခါးပိတ်ခြိမ်းခြောက်ခြင်း မပြုရန်၊

(၁၀) လိုင်းချိန်းခါနိုးတွင် လစာထုတ်ပေးပြီး အလုပ်ထွက်ခိုင်းခြင်းအား မပြုလုပ်ရန်၊

(၁၁) လိုင်းမှ အထည်မထွက်အောင် ကြန့်ကြာအောင် မပြုလုပ်ရန်၊

၆။ သို့ရာတွင် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သို့ တောင်းဆိုလွှာ တင်ပြသည့်အခါ လိုင်း(၄)တွင် စာရေးမနှင့် Leader ခန့်ထားပေးရန်နှင့် စက်ရုံမှူး ဒေါ်စာဇာဝင်းအား ဖြုတ်ပေးရန်ကိုသာ တောင်းဆိုထားသဖြင့် မူလတောင်းဆိုစဉ်ပါဝင်သော ထို(၂)ချက်ကိုသာ အဓိကဆုံးဖြတ်ရန် တာဝန်ရှိကြောင်း တွေ့ရှိရပါသည်။

၇။ အလုပ်သမား(၃၃)ဦး၏ ကိုယ်စားလှယ် အလုပ်သမား ဒေါ်အိပြုံဖြူသူပါ(၅)ဦးမှ တွက်ဆို တင်ပြရာတွင် ၎င်းတို့သည် Peach Garden Garment Co.,Ltd (အထည်ချုပ်စက်ရုံ)တွင် လုပ်သက်(၉)လခန့်ရှိသော အလုပ်သမားများဖြစ်ပါကြောင်း၊ အခြားလိုင်း အလုပ်သမားများထက် လုပ်သက်များသူများဖြစ်ပါကြောင်း၊ စက်ရုံမှူးအသစ် ဒေါ်စာဇော်ဝင်း စက်ရုံသို့ ရောက်ရှိလာမှ လိုင်း(၄) အလုပ်သမားများနှင့် အငြင်းပွားမှုဖြစ်ခဲ့ရပါကြောင်း၊ ဒေါ်စာဇော်ဝင်း စက်ရုံရောက်သည့်ကာလသည် တစ်လကျော်သာရှိပါကြောင်း၊ စက်ရုံမှူး ဒေါ်စာဇော်ဝင်းသည် လိုင်းခွဲပြီးဆက်ဆံခြင်း၊ လိုင်း(၄)မှ ပစ္စည်းများတောင်းလျှင် ငြင်းပယ်မှုပြုလုပ်ခြင်း၊ လိုင်း(၄)မှ အလုပ်သမားများကို လိုင်း(၁)သို့ ပေါင်းရှုလုပ်ကိုင်စေခြင်း၊ လိုင်း(၄)ကိုသာ စောင့်ကြည့်ပြီး ပြောဆိုခြင်း၊ လိုင်း(၄)အတွက် လိုအပ်သောပစ္စည်းများ၊ ကတ်ကြေး၊ လက်ချုပ်များကို အလုပ်သမားများ၏ ကိုယ်ပိုင်ငွေဖြင့် ဝယ်ခိုင်းခြင်း၊ ခွင့်နှင့် မီးပွားခွင့်များမရရှိခြင်း၊ စက်ရုံတွင်းသို့ (၁၅)မိနစ်နောက်ကျလျှင် အလုပ်သမားများအား စက်ရုံထဲ ဝေးမဝင်ခြင်းများ ပြုလုပ်ပါကြောင်း၊ လိုင်းအလုပ်သမားများအားပေါင်းရှု လုပ်ကိုင်မည်ဆိုလျှင် လက်ခံမည်ဖြစ်ပါကြောင်း၊ အလုပ်ရှင်မှ မိမိတို့ အလုပ်သမား(၃၃)ဦးအား အလုပ်မှ ထုတ်ပယ်ခြင်းမဟုတ်ပါကြောင်း၊ လိုင်း(၄)မှ လိုင်း(၁)သို့ လုပ်ငန်းလိုအပ်ချက်၊ Order ရှိမှု အခြေအနေများကြောင့် ပေါင်းရှုလုပ်ကိုင်ရန် အလုပ်ရှင်မှ ပြောကြားခဲ့ပါကြောင်း၊ စုပါနှင့် မိမိတို့ အလုပ်သမားများအား အတူတူအလုပ်လုပ်ခိုင်းခြင်းသည် စက်ရုံမှူး ဒေါ်စာဇော်ဝင်း ရောက်ရှိ လာမှသာ ဖြစ်ပေါ်ခဲ့သည့်အတွက် ဒေါ်စာဇော်ဝင်းအား အလုပ်မှ ထုတ်ပေးလိုပါကြောင်း၊ အခြားလိုင်းသို့ပြောင်းရှု လုပ်ကိုင်လိုခြင်းမရှိပါကြောင်းနှင့် အခြားလိုင်းများကဲ့သို့ Leader ၊ စာရေးမတို့ ခန့်ပေးပါရန်တို့ကိုသာ တောင်းဆိုပါကြောင်း ထွက်ဆိုတင်ပြခဲ့ပါသည်။

၈။ အလုပ်ရှင် ဦးချစ်ကိုမှ ထွက်ဆိုတင်ပြရာတွင် Peach Garden Garment Co.,Ltd (အထည်ချုပ်စက်ရုံ)ကို (၁၃-၇-၂၀၂၂) ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး အလုပ်သမား (၂၁၇) ဦးဖြင့်

လုပ်ကိုင်ပြီး ဂျာကင်ထုတ်လုပ်သော စက်ရုံဖြစ်ပါကြောင်း၊ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူ စာချုပ်(EC) စာချုပ် ချုပ်ဆိုဆောင်ရွက်ဆဲဖြစ်ပြီး အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေး ကော်မတီ(WCC)အား ဖွဲ့စည်းပြီးဖြစ်ပါကြောင်း၊ (၁၇-၁၀-၂၀၂၃) ရက်နေ့တွင် လိုင်း(၄)မှ လိုင်း(၁)သို့ ပေါင်း၍ အလုပ်လုပ်ခိုင်းခြင်းနှင့်ပတ်သက်၍ အငြင်းပွားမှုဖြစ်ပွားခဲ့ပါကြောင်း၊ လိုင်း(၄) မှ လိုင်း(၁) ပေါင်း၍ လုပ်ကိုင်ရခြင်းသည် Order နည်းပါးခြင်းကြောင့်ဖြစ်ပါကြောင်း၊ စက်ရုံတွင် လိုင်း(၁)၊ (၂)၊ (၃)၊ (၄) ရှိပြီး လိုင်း(၁)သည် စက်ရုံရှေ့မျက်နှာစာတွင်ရှိပြီး လိုင်း(၂)၊ (၃)တို့သည် လိုင်း(၁)နှင့်တဆက်တည်းရှိပါကြောင်း၊ လိုင်း(၄)သည် ၎င်းလိုင်းများ၏ နောက်တွင်ရှိသည့်အတွက် စက်ရုံမျက်နှာစာရှိ လိုင်း(၁)သို့ ပေါင်းရခြင်းဖြစ်ပါကြောင်း၊ လိုင်း(၁)တွင် အလုပ်သမား (၃၀)ကျော်၊ လိုင်း(၂)၊ (၃)တို့တွင် အလုပ်သမား ၄၀ကျော်၊ လိုင်း(၄)တွင် အလုပ်သမား (၃၀)ကျော်ရှိပါကြောင်း၊ လိုင်း(၁)၊ (၂)၊ (၃)တို့တွင် Leader (၂)ဦး၊ စာရေး(၁)ဦး တို့ရှိပြီး လိုင်း(၄)တွင် မရှိပါကြောင်း၊ (၁၀/ ၂၀၂၃)လ အစပိုင်းတွင် လိုင်းပေါင်းမည့်ကိစ္စအား အစည်းအဝေးခေါ်ယူ၍ Order နည်းပါးခြင်းကြောင့် လိုင်းပေါင်းရခြင်းဖြစ်ကြောင်း၊ Order ရလျှင် လိုင်း(၄)တွင် အလုပ်သမားများအား မိမိနေရာတွင် ပြန်လည်အလုပ်လုပ်ကိုင်ကြရမည်ဖြစ်ကြောင်း၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ရှေ့မှောက်တွင် ညှိနှိုင်းစဉ် အလုပ်သမားများ တောင်းဆိုသည့် စက်ရုံမှူး ဒေါ်ဇာဇာဝင်းကို အလုပ်မှထုတ်ပေးရန် တောင်းဆိုမှုသည် အလုပ်ရှင် မိမိ၏ စီမံခန့်ခွဲပိုင်ခွင့်ဖြစ်ပါ၍ စက်ရုံမှူး ဒေါ်ဇာဇာဝင်းအား အလုပ်မှထုတ်ပယ်မပေးနိုင်ပါကြောင်း၊ အလုပ်သမား ဒေါ်ဇင်ဇင်ဝင်းပါ(၃၃)ဦးအား အလုပ်ရှင်အနေဖြင့် အလုပ်မှထုတ်ပယ်ထားခြင်း မရှိပါကြောင်း၊ အလုပ်သမားများမှ စက်ရုံမှူး ဒေါ်ဇာဇာဝင်းအား လက်တွဲရန် အဆင်မပြေကြောင်း ပြောကြားသည့်အတွက် ၎င်းတို့အနေဖြင့် အလုပ်ဆက်လက်မလုပ်ကိုင်လိုပါက နှိုတစ်ကြေးပေးရန် ဆန္ဒရှိပါကြောင်း ထွက်ဆိုတင်ပြခဲ့ပါသည်။

သုံးသပ်ချက်

၉။ Peach Garden Garment Co.,Ltd (အထည်ချုပ်စက်ရုံ)သည် (၁၃-၇-၂၀၂၂) ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး အလုပ်သမား (၂၁၇)ဦးတို့ဖြင့် ကျောကင်ထုတ်လုပ်သော စက်ရုံဖြစ်ပြီး (EC) စာချုပ် ချုပ်ဆိုဆောင်ရွက်ဆဲဖြစ်ကြောင်း တွေ့ရှိရပါသည်။ အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) ဖွဲ့စည်းထားရှိပြီး အလုပ်ရှင်၊ အလုပ်သမားနှစ်ဖက်မှာထိုကော်မတီနှင့် ညှိနှိုင်းဖြေရှင်းရမည့် တောင်းဆိုချက်များဖြစ်ကြောင်း သုံးသပ်ရပါသည်။

၁၀။ အလုပ်သမား ဒေါ်ဇင်ဇင်ဝင်းပါ (၃၃)ဦး တောင်းဆိုသော စက်ရုံမှူး ဒေါ်ဇာဇာဝင်းအား အလုပ်ဖြုတ်ပေးရန်နှင့် လိုင်း(၄)တွင် စာရေးမ၊ Leader တို့ထားပေးရန်သည် အလုပ်ရှင်ကဏ္ဍင်း၏ လုပ်ငန်းအဆင်ပြေစွာ လည်ပတ်နိုင်ရေး ကုန်ထုတ်စွမ်းအား တိုးတက်စေရန်အတွက် မည်သူက မည်သည့်နေရာနှင့် သင့်တော်သည် လုပ်ငန်းလိုအပ်ချက်အရ မည်သည့်လိုင်းနှင့် မည်သည့်လိုင်း ပူးပေါင်းသင့်သည်ကို စီမံအုပ်ချုပ်ရသောကြောင့် ခုံသမာဓိအဖွဲ့အနေဖြင့် အလုပ်ရှင်၏ စီမံခန့်ခွဲမှုအား ဝင်ရောက်စွက်ဖက်ရန် တာဝန်မရှိကြောင်း သုံးသပ်၍ အောက်ပါအတိုင်း ဆုံးဖြတ်သည်။

ဆုံးဖြတ်ချက်။ (က) စက်ရုံမှူး ဒေါ်ဇာဇာဝင်းအား အလုပ်မှထုတ်ပေးရန် တောင်းဆိုမှုသည် ခုံသမာဓိအဖွဲ့မှ စီရင်ပိုင်ခွင့်မရှိ၍ တောင်းဆိုမှုအား ပယ်ကြောင်းဆုံးဖြတ်သည်။

(ခ) လိုင်း(၄)တွင် စာရေးမနှင့် Leader ခန့်ထားပေးရန်သည် အလုပ်ရှင်၏ စီရင်ပိုင်ခွင့်ဖြစ်၍ တောင်းဆိုမှုအား ပယ်ကြောင်း ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင် ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။

မှတ်ချက်။ (၁) ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ခုနှစ်ရက်အတွင်း ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် အငြင်းပွားသူတစ်ဖက်ဖက်မှ လျှောက်ထားနိုင်သည်။

(၂) မှတ်ချက် (၁) ပါအတိုင်း ဆောင်ရွက်ခြင်းမပြုလုပ်လျှင် ဆုံးဖြတ်ချက်များကို သတ်မှတ်သည့်နေ့ရက်အတွင်း နှစ်ဖက်စလုံးက လိုက်နာဆောင်ရွက်ရမည်။

(ဇင်ကေသွယ်)
အတွင်းရေးမှူး

(လွင်လွင်မြင့်)
ဥက္ကဋ္ဌ

(ကျော်ရဲဦး)
အဖွဲ့ဝင်

(ကျင်အေး)
အဖွဲ့ဝင်

(ဒေါက်တာခင်မောင်အေး)
အဖွဲ့ဝင်

(လစ်လပ်)
အဖွဲ့ဝင်

(မြင့်အောင်)
အဖွဲ့ဝင်

(ပြောင်းရွှေ)
(ကျော်ဇေယျ)
အဖွဲ့ဝင်

(စောတင်)
အဖွဲ့ဝင်

(လစ်လပ်)
အဖွဲ့ဝင်

(ကွယ်လွန်)
(ကျင်သိန်း)
အဖွဲ့ဝင်